# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

October 30, 2024 | Volume 83, Number 19


၃၀.၁၀.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၇၂.၃ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၈၅.၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၃၁.၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၇၆.၇ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၄.၅၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၉၇၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၂.၂၁ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၈.၄၁ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၂.၁၈၅ ကျပ် |


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀

ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## ၆ လအတွင်း ပြည်ပသို့ ပျားရည်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၄၉ သန်း ရရှိခဲ့



ယခုဘဏ္ဍာနှစ်၏ ခြောက်လတာကာလအတွင်း ပြည်ပသို့ ပျားရည်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၄၉ သန်းရရှိခဲ့ကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ပျားလုပ်ငန်းဌာန၊ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲမှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၊ဧပြီလမှ စက်တင်ဘာလအထိ ပြည်ပသို့ ပျားရည်တင်ပို့မှုအနေဖြင့် တန်ချိန် စုစုပေါင်း ၇၆၆ ဒသမ ၀၂ မက်ထရစ်တန် တင်ပို့နိုင်ခဲ့ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၄၉ သန်းရရှိခဲ့ကြောင်း သိရသည်။

ပြည်ပသို့ ပုဂ္ဂလိကဏ္ဍက ပျားရည်တင်ပို့မှုအနေဖြင့် ပုံမှန်ကုန်သွယ်ရေးမှ ပျားရည်မက်ထရစ်တန် ၇၁၈ ဒသမ ၂၂ တန် တင်ပို့ပြီး နယ်စပ်ကုန်သွယ်ရေးမှ ၄၇ ဒသမ ၈ တန် တင်ပို့ခဲ့ရာ စုစုပေါင်း ပြည်ပသို့ ပျားရည် ၇၆၆ ဒသမ ၀၂ တန် တင်ပို့ထားခြင်းဖြစ်သည်။

ထိုသို့တင်ပို့ရာတွင် ဂျပန်နိုင်ငံသို့ ပျားရည်မက်ထရစ်တန် ၅၁၆ ဒသမ ၁၂ တန်ဖြင့် အများဆုံးတင်ပို့ထားပြီးအမေရိကန်ဒေါ်လာ၇၇၄,၇၈၀၊တောင်ကိုရီးယားနိုင်ငံသို့ ပျားရည်မက်ထရစ်တန် သုည ဒသမ ၅ တန် တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၇၅၀ ၊ ထိုင်းနိုင်ငံသို့ ပျားရည်မက်ထရစ်တန် ၂၀၁ ဒသမ ၆ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၃၀၂,၄၀၀၊ တရုတ်နိုင်ငံသို့ ပျားရည်မက်ထရစ်တန် ၄၅ ဒသမ ၈ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ

၆၈,၆၉၆ ဒေါ်လာ၊တရုတ်(တိုင်ပေ)သို့ ပျားရည်မက်ထရစ်တန် နှစ်တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၃,၀၀၃ ဒေါ်လာရရှိထားကြောင်း သိရသည်။

ပြည်တွင်းပျားရည်ကို ဂျပန်၊တောင်ကိုရီးယား၊ထိုင်း၊တရုတ်နှင့် တရုတ်(တိုင်ပေ)တို့သို့ ပုံမှန်တင်ပို့လျက်ရှိပြီး ဂျပန်နိုင်ငံသို့ အများဆုံးတင်ပို့လျက်ရှိကြောင်း သိရသည်။

ပြည်တွင်း၌ နှမ်းပျားရည်၊ဆီးပျားရည်၊ပန်းနှမ်းပျားရည်၊နေကြာပျားရည်၊ရော်ဘာပျားရည်၊လိုက်ချီးပျားရည်ဟူ၍ ထုတ်လုပ်ပြီး ပျားရည်ကို ပြည်တွင်း၌ ဆေးဝါးအဖြစ် အသုံးပြုမှုများသကဲ့သို့ ပြည်ပနိုင်ငံများသို့လည်း တင်ပို့ကြောင်းသိရသည်။

Source : https://www.popularmyanmar.com/

## နိုဝင်ဘာလတွင် ကုန်တင်သင်္ဘောတင်ယာဉ် ၅၇ စင်း ဝင်ရောက်ဆိုက်ကပ်မည်




ပြည်တွင်းသို့ ယခုနှစ်၏ ဆယ်လတာကာလအတွင်း နိုင်ငံတကာကုန်သေတ္တာတင်ယာဉ် ၅၁၆ စင်းဝင်ရောက်ဆိုက်ကပ်ခဲ့ပြီးလာမည့် နိုဝင်ဘာလတွင် ကုန်သေတ္တာယာဉ် ၅၇ စင်း ဝင်ရောက်ဆိုက်ကပ်မည်ဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ထံက သိရသည်။

ဇန်နဝါရီလတွင် ၄၉ စင်း၊ ဖေဖော်ဝါရီလတွင် ၅၃ စင်း ၊ မတ်လတွင် ၅၅ စင်း၊ ဧပြီလတွင်လည်း ၅၀ စင်း ၊မေလ တွင် ၅၂ စင်း၊ ဇွန်လတွင် ၅၀ စင်း၊ ဇူလိုင်လတွင် ၅၀ စင်း၊ ဩဂုတ်လတွင် ၅၀ စင်း၊ စက်တင်ဘာလတွင် ၅၅ စင်း၊အောက်တိုဘာလတွင် ၅၂ စင်း ဝင်ရောက်ဆိုက်ကပ်ခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့် ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလကုန်ထိ တစ်နှစ်တာကာလအတွင်း ရန်ကုန်ဆိပ်ကမ်းများသို့ နိုင်ငံတကာသင်္ဘောလိုင်းများမှ ကုန်သေတ္တာတင်သင်္ဘော ၆၄၅ စင်း ဝင်ရောက်ခဲ့သည်။

ရန်ကုန်ဆိပ်ကမ်းဧရိယာတွင် အပြည်ပြည်ဆိုင်ရာရေယာဉ်ကြီးများ ဆိုက်ကပ်နိုင်သည့် ဆိပ်ကမ်းတံတား ၂၇ စင်း၊ ရန်ကုန်သီလဝါအပြင်ဆိပ်ကမ်းဧရိယာတွင် ဆိပ်ကမ်းတံတား ၁၉ စင်း စုစုပေါင်း ၄၆ စင်းဖြင့် ဝန်ဆောင်မှုပေးနေခြင်းဖြစ်ကြောင်း သိရသည်။

**Source :** https://www.popularmyanmar.com/

## ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ ရော်ဘာတန်ချိန် ၃၂၀,၀၀၀ကျော် တင်ပို့ရန်လျာထား

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ ရော်ဘာတန်ချိန် ၃၂၀,၀၀၀ ကျော် တင်ပို့ရန်လျာထားဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်းက သိရသည်။



ထိုသို့တင်ပို့ရာတွင်၂၀၂၄ ခုနှစ် ဧပြီလမှ၂၀၂၅ ခုနှစ် မတ်လအတွင်းတန်ချိန်၃၂၆,၀၀၀အထိတင်ပို့မည်ဖြစ်ကြောင်းသိရသည်။

“ ဒီနှစ်မှာ ပြည်ပကို ရော်ဘာတန်ချိန် ၃၂၆,၀၀၀ အထိတင်ပို့ဖို့လျာထားပါတယ်။လက်ရှိအချိန်အထိ ရော်ဘာတန်ချိန် တစ်သိန်းဝန်းကျင် တင်ပို့ထားပြီးဖြစ်ပါတယ်”ဟု မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်းမှ တာဝန်ရှိသူ တစ်ဦးက ပြောပြသည်။

ထို့ပြင် ယခုနှစ်တွင် ကမ္ဘာတစ်ဝန်းရာသီဥတုအခြေအနေများကြောင့် ရော်ဘာအထွက်နှုန်းလျော့ကျနေသည့်အတွက် ဈေး ကွက်လိုအပ်ချက်အရ ဈေးကောင်းရနေကြောင်း သိရသည်။

“ ဒီနှစ် ကမ္ဘာ့ရာသီဥတုလိုပဲ ဒီကရာသီဥတုကလည်း အတူတူလောက်ပဲဆိုတော့ ဒီမှာလည်း ရော်ဘာအထွက်နှုန်း လျော့ ကျနိုင်တယ်။ဒါကြောင့် ပြည်ပတင်ပို့တာလည်း နည်းနည်းလျော့ကျနိုင်ပါတယ်။ ကမ္ဘာ့ရော်ဘာဈေးကောင်းနေတော့ ပို့ကုန်ဝင် ငွေပိုရနိုင်တယ်။ ရော်ဘာအမြောက်အမြားထုတ်လုပ်တဲ့ နိုင်ငံတွေဖြစ်တဲ့ ဗီယက်နမ်၊လာအို၊တရုတ်နိုင်ငံတွေမှာ ဒီနှစ်သဘာဝ ဘေးဒဏ်ခံခဲ့ရတယ်။ အလားတူ ထိုင်းနိုင်ငံမှာလည်းရေကြီးတာတွေဖြစ်ခဲ့တော့ ရော်ဘာထုတ်လုပ်မှုလျော့ကျနိုင်တယ် ” ဟု မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

လတ်တလောတွင် ပြည်ပနိုင်ငံတချို့ရှိ တာယာစက်ရုံကြီးများမှ ကုန်ကြမ်းများရရှိရန် ရော်ဘာဝယ်ယူမှုများရှိနေကြောင်း သိရသည်။

ပြည်တွင်း၌ ရော်ဘာစိုက်ဧက တစ်သန်းခြောက်သိန်းလေးသောင်းကျော်အထိရှိပြီး ပြည်တွင်းရော်ဘာထွက်ရှိမှု၏ ၉၀ ရာခိုင်နှုန်းကျော်ကို ပြည်ပနိုင်ငံများသို့ တင်ပို့လေ့ရှိပြီး ရော်ဘာကုန်ကြမ်းများကို ရန်ကုန်တိုင်းဒေသကြီးနှင့်မန္တလေးတိုင်းဒေသ ကြီးရှိလူသုံးကုန်ပစ္စည်းထုတ်လုပ်သည့် စက်ရုံများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**Source : မြဝတီသတင်းစာ**

## ကိုရီးယားနိုင်ငံ မှ အေးခဲငရုတ်သီးဝယ်လိုကြောင်း ကမ်းလှမ်းမှုများရှိသော်လည်း တင်ပို့နိုင်ရန် အခက်အခဲရှိနေ



ကိုရီးယားနိုင်ငံမှအေးခဲငရုတ်သီးဝယ်လိုကြောင်း ကမ်းလှမ်းမှုများရှိသော်လည်း ပြည်တွင်းငရုတ်သီး များ တင်ပို့နိုင်ရန် အခက်အခဲရှိနေကြောင်း မြန်မာ နိုင်ငံငရုတ်သီးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူ များအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

“ကိုရီးယားနိုင်ငံကနေ အေးခဲငရုတ်သီးလိုချင် လို့ ကမ်းလှမ်းမှုတွေရှိနေပါတယ် ။ အရင်ဗီယက်နမ် နိုင်ငံကလည်း မှာယူတာမျိုးရှိခဲ့ပါတယ်။ အဲဒီတုန်း ကတော့ သူတို့လိုချင်တဲ့ငရုတ်ဆိုဒ်ကိုမပေးနိုင်လို့ အဆင်မပြေခဲ့ပါဘူး။ငါးပုစွန်အေးခဲတဲ့ အအေးခန်းတွေထည့်ပြီး ဆောင်ရွက် တယ်။ အချို့နိုင်ငံတွေကတော့ ငါးပုစွန်နဲ့ရောပြီး အေးခဲတာကိုမလိုချင်ကြဘူး။ရန်ကုန်ဘုရင့်နောင်မှာရှိတဲ့ အအေးခန်းကတော့ ငရုတ်သီးကို သီးသန့်အေးခဲပေးနိုင်ပေမဲ့ အအေးခန်းစရိတ်က တွက်ခြေမကိုက်ဘူး။ အချို့နိုင်ငံတွေက ငရုတ်အစိုတင်ပို့မှုကို လက်မခံလို့အေးခဲပြီးတင်ပို့နေကြတာပါ။ ငရုတ်အစိုအတိုင်းမပို့ဘဲ အေးခဲအနေဖြင့်တင်ပို့ရင်စရိတ်တွေက ပိုများလာပါတယ်။ ငရုတ်ခြွေတာတွေ မီးမှန်တဲ့အအေးခန်းစရိတ်တွေရှိလာပါတယ်။ကိုရီးယားနိုင်ငံကနေလာတဲ့ သွင်းကုန်လာပို့ပြီးအပြန် အေးခဲ ငရုတ်သီးကို ပြန်လည်ဝယ်ယူဖို့ကမ်းလှမ်းလာတာပါ ” ဟု ၎င်းကပြောသည်။

လက်ရှိမှာ ပြည်တွင်းထွက်ရှိသည့် ငရုတ်စို ကို တရုတ်နိုင်ငံ ၊ထိုင်းနိုင်ငံသို့ အအေးခန်းကားများဖြင့်တင်ပို့မှုရှိခဲ့သော်လည်း လက်ရှိအချိန်တွင် နယ်စပ်ဂိတ်များပိတ်ထားခြင်းနှင့် လမ်းပန်းဆက်သွယ်ရေးလမ်းကြောင်း ရက်ကြာမြင့်ခြင်းနှင့် တင်ပို့စရိတ် ကြီးမြင့်ခြင်းများကြောင့်ငရုတ်အစို တင်ပို့နိုင်မှုမရှိဘဲ ပြည်တွင်းဈေးကွက်တွင်သာ ရောင်းချနေရသည်။

ပြည်တွင်းမှ ထွက်ရှိသည့် လက်ဆတ်သောသီးနှံများကို သင်္ဘောဖြင့်တင်ပို့ရာတွင် အခြေခံအအေးခန်းများနည်းပါးနေခြင်းနှင့်အေးခဲစရိတ်များကြီးမြင့်ခြင်းများကြောင့်သရက်သီးများတင်ပို့မှုရှိခဲ့သော်လည်းပမာဏများများတင်ပို့နိုင်ခြင်းမရှိသလို လက်ရှိမှာ ထောပတ်သီးများကို အေးခဲပြီးတင်ပို့ရန် ကမ်းလှမ်းမှုများ ရှိနေကြောင်း သိရသည်။

**Source : မကွေးဂျာနယ်**

## ပခုက္ကူကုန်စည်ဒိုင်တွင် ကြက်သွန်နီဈေးနှုန်းများ မြင့်တက်



မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်ကြက်သွန်နီ စိုက်ပျိုးရာဒေသများဖြစ်သော ပေါက်၊ ဆိပ်ဖြူ၊ ရေစကြို၊ ကမ္မ၊ ရေပြာနယ်များမှ ဆောင်းစိုက်(ပင်စိုက်) ကြက်သွန်နီများနှင့် မိုးစိုက်(ဥစိုက်) ကြက်သွန်နီများ စိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။

ယခုအချိန်တွင် ဆောင်းစိုက်(ပင်စိုက်) ကြက်သွန်နီမှာ လက်ကျန်နည်းနေပြီး မိုးစိုက်(ဥစိုက်)များ စတင်စိုက်ပျိုးလျက်ရှိသည်။

ပခုက္ကူကြက်သွန်နီ ကုန်စည်ဒိုင်သို့ ပခုက္ကူမြို့နယ်သာမက အခြားမြို့နယ်များဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ပုလဲနယ်၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တောင်သာနယ်ထွက် ကြက်သွန်နီများလည်း ဝင်ရောက်အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

ပခုက္ကူကုန်စည်ဒိုင်တွင်ကြက်သွန်နီလက်ကားဈေးမှာ ၂၀၂၄ခုနှစ်၊အောက်တိုဘာလ တတိယပတ်တွင် ထိပ်စတစ်ပိဿာလျှင် ကျပ် ၂၆၀၀၊ အလတ်စတစ်ပိဿာလျှင် ကျပ် ၂၃၀၀၊ အနိမ့်စတစ်ပိဿာလျှင်ကျပ် ၂၀၀၀ ဖြစ်ခဲ့ပြီး ယခင်ဒုတိယပတ်နှင့် ဈေးနှုန်းနှိုင်းယှဉ်ပါက ကြက်သွန်နီတစ်ပိဿာလျှင် ကျပ် ၇၀၀ ခန့် ဈေးတက်၍ အရောင်းအဝယ်ဖြစ်ခဲ့ပြီး နေ့စဉ်ကုန်ချိန် ၂၀,၀၀၀ မှ ၅၀,၀၀၀ ခန့်ထိ အရောင်းအဝယ်ဖြစ်နေကြောင်း၊ ရန်ကုန်ဘုရင့်နောင်ပွဲရုံနှင့် မြဝတီ၊ မော်လမြိုင်မြို့မှတစ်ဆင့် ပြည်ပနိုင်ငံများသို့ တင်ပို့လျက်ရှိကြောင်း ကြက်သွန်နီကုန်စည်ဒိုင်မှ သိရသည်။

**Source: DOCA(မကွေး)**

https://www.doca.gov.mm/my/node/26240

## ငရုတ်ဈေးတက်




ဈေးကွက်ထဲ အဝင်နည်းလာတဲ့အတွက် ဈေးကွက်ငြိမ်နေတဲ့ ငရုတ်ဈေးကမြင့်တက်လာတယ်လို့ ကုန်စိမ်းဈေးကွက်က နေသိရသည်။

ပြီးခဲ့တဲ့ တတိယပတ်နဲ့နှိုင်းယှဉ်ပါက တစ်ပိဿာကို ၂၀၀၀ မှ ၂၅၀၀ အထိ မြင့်တက်လာပါတယ်။

လက်ရှိ ရေကြီး၊ရေလျှံမှုတွေကြောင့် စိုက်ခင်းများ ပျက်စီးပြီး သယ်ယူပို့ ဆောင်ရေးအခက်အခဲတွေကြောင့် ဈေးကွက်ထဲ ကုန်စိမ်းအဝင်နည်းကာ ဈေးနှုန်းများပြန်လည်မြင့်တက်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"အရင်က ငရုတ်ထွက်တဲ့ ဒေသတွေမှာဆို ဈေးမရဘူး။ အခုတချို့ စိုက်ခင်းတွေ ပျက်စီးတာတွေရှိတယ်။ တချို့မြို့တွေကိုပို့ရင် လမ်းခရီးခက်ခဲတော့ကုန်ကျစရိတ်များပြီးဈေးတက်တာပါ။ဈေးကွက်မှာအဝင်နည်းပြီး ပြန်တက်လာတဲ့ သဘောပါ" ဟု ရော ဝတီတိုင်းဒေသကြီးမှ ငရုတ်စိုက်တောင်သူတစ်ဦးက ပြောပြသည်။

လက်ရှိ ရှမ်းပြည်နယ်အောင်ပန်းတွင် ငရုတ်ကျောက်စိမ်း တစ်ပိဿာ ၆၅၀၀ ကျပ်၊ ကုလားအော်သီးအစိမ်း တစ်ပိဿာ ၁၃,၀၀၀ ကျပ်နှင့် ရှမ်းပွခြောက် တစ်ပိဿာ ၁၂,၀၀၀ ကျပ်ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ထို့ပြင် ဘုရင့်နောင်ကုန်စည်ဒိုင်မှာလဲ ငရုတ်ခြောက်တွေဖြစ်တဲ့ ပန်းရဲသစ် တစ်ပိဿာ ၆၀၀၀ မှ ၆၅၀၀ ကျပ် ၊ မြွားနီ တစ်ပိဿာ ၅၅၀၀ မှ ၆၀၀၀ကျပ်၊ မိုးထောင်မြစ်ဝ တစ်ပိဿာ ၁၀,၀၀၀ မှ ၁၂,၀၀၀ ကျပ် ၊ ဆင်ဖြူကျွန်းပု ၁၂,၀၀၀ မှ ၁၄,၀၀၀ အထိရှိပြီး တစ်ပိဿာ ၁၀၀၀ မှ ၃၀၀၀ ကြား ဈေးတက်လာပါတယ်။

ရှမ်းမြောက် လမ်းကြောင်းမကောင်းတဲ့အတွက် ငရုတ်စိုက်တောင်သူများ လျှော့စိုက်ရန် လိုအပ်တယ်လို့ ကုန်သည်အချို့က သုံးသပ်ပြောဆိုပါတယ်။

" ရှမ်းမြောက်က ငရုတ်တင်ပို့တဲ့ အဓိကသွားလာနေတဲ့လမ်းကြောင်းပါ၊ တရုတ်နဲ့ ရှမ်း၊ မန္တလေး၊ ဝမ်းတွင်းတို့ ဆက်နေ တာ အခုက လမ်းကြောင်းတွေ အဆင်မပြေသေးဘူး။ ဈေးကွက်မှာ အဝင်နည်းသွားတဲ့ ကုန်စိမ်းတွေက ဈေးတက်နေတယ်။ တချို့ကုန်စိမ်းတွေဆို ထပ်မဝင်တော့တဲ့ အခြေအနေတွေရှိတယ်"ဟု ရှမ်းပြည်နယ်အောင်ပန်းမှ ကုန်သည်တစ်ဦးက ပြောသည်။

ငရုတ်သီးနှံကို နှစ်စဉ် မိုးကြိုငရုတ်၊ မိုးရာသီငရုတ်နဲ့ ဆောင်းငရုတ်ဆိုပြီး တစ်နှစ်ပတ်လုံး စိုက်ပျိုးကြပြီး မိုးကြိုငရုတ်ကို မတ်လနဲ့ ဧပြီလတို့မှာ စိုက်ပျိုးကာ ဇွန်လတွင် စတင်ခူးဆွတ်လေ့ရှိပါတယ်။

လက်ရှိ ဈေးကွက်တွင် ငရုတ်အပြင် အခြားအာလူး၊ ပန်းပွင့်၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ မုန်ညင်းနဲ့ ခရမ်းချဉ်သီးများ လည်းဈေးတက်ကာ အဝယ်လိုက်နေတယ်လို့ ကုန်သည်တွေထံက သိရသည်။

**Source: (AMIA)**

https://htwettoe.com/download

## ဗီယက်နမ်သည် ကားတာယာထုတ်လုပ်ခြင်းအတွက် ကမ္ဘာ့အချက်အခြာနေရာအဖြစ်ပေါ်ထွက်လာ



ဗီယက်နမ်သည် ကားတာယာထုတ်လုပ်ရာ ကမ္ဘာ့အချက်အချာ နေရာ ဖြစ်လာနေပြီး ၂၀၂၄ခုနှစ်တွင် နည်းပညာသုံးရော်ဘာထုတ် ကုန်များ တင်ပို့ရာမှ အမေရိကန်ဒေါ်လာ ၄ ဘီလီယံ ရောက်ရှိရန် မျှော်မှန်းရကြောင်း ဟိုချီမင်းမြို့တော် ရော်ဘာနှင့်ပလတ်စတစ်ထုတ် လုပ်သူများအသင်း၏ ဥက္ကဋ္ဌဖြစ်သူ Nguyen Quoc Anh က ပြော ကြားသည်။

ဗီယက်နမ်ရော်ဘာနှင့် ပလတ်စတစ်ကုမ္ပဏီများသည် ရင်းနှီး မြှုပ်နှံမှုများ အရှိန်မြှင့်တင်နေပြီး တည်ငြိမ်စွာဖွံ့ဖြိုးတိုးတက်ရေးနှင့် ယှဉ်ပြိုင်နိုင်စွမ်းတိုးတက်ရန် ပြန်လည်အသုံးပြုနိုင်သော (recycle) ပစ္စည်းများကို ပေါင်းစပ်အသုံးပြုနေကြောင်းသိရသည်။

ဗီယက်နမ်ကုမ္ပဏီများသည် နိုင်ငံတကာမိတ်ဖက်များထံမှ ကြီးမားသော မှာယူမှုများ လက်ခံရရှိနေကြောင်း သိရသည်။

၂၀၂၄ ခုနှစ်၏ နောက်ဆုံးလများတွင် တာယာလုပ်ငန်းအတွက်မှာယူမှုများသည် နှစ်အစပိုင်းကာလနှင့်နှိုင်းယှဉ်ပါက ၁၀~၁၅ ရာခိုင်နှုန်း ထိမြင့်တက်ခဲ့ကြောင်းနှင့် နည်းပညာသုံးရော်ဘာထုတ်ကုန်မှာယူမှုများမှာ ၂၀~၃၀ ရာခိုင်နှုန်း ထိမြင့်တက်ခဲ့ ကြောင်းသိရသည်။

အဘယ်ကြောင့်ဆိုသော် ဗီယက်နမ်စီးပွားရေးလုပ်ငန်းများသည် အခြားနိုင်ငံများနှင့် အရည်အသွေးနှင့် ဈေးနှုန်းယှဉ်ပြိုင်

နိုင်စေရန် ပြည်တွင်းကုန်ကြမ်းပစ္စည်းများကို ရယူအသုံးပြုနေကြောင်းသိရသည်။

Anh ၏အဆိုအရ ရော်ဘာနှင့် ပလတ်စတစ်ကုမ္ပဏီများသည် စိမ်းလန်းပြီး စက်ဝိုင်းပုံစီးပွားရေးအတွက် ရည်ရွယ်၍ နိုင်ငံတကာဈေးကွက် အထူးသဖြင့် ဂျပန်နှင့် တောင်ကိုရီးယားတို့ပါဝင်သော အရှေ့မြောက်အာရှဈေးကွက်များထံမှ တောင်းဆိုချက်ပြည့်မီရန် ကုန်ထုတ်လုပ်ရာတွင် ပြန်လည်အသုံးပြုနိုင်သော ပလတ်စတစ်များအသုံးပြုမှုမြင့်တက်နေကြောင်းသိရသည်။

ဗီယက်နမ်နိုင်ငံသယံဇာတအရင်းအမြစ်နှင့် သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာန ဥပဒေရေးရာဦးစီးဌာန၏ညွှန်ကြားရေးမှူးဖြစ်သူ Phen Tuen Hung က ဗီယက်နမ်ပလတ်စတစ်ထုတ်ကုန်များသည် သိသာထင်ရှားသော စိန်ခေါ်မှုများနှင့်ရင်ဆိုင်နေရကြောင်းနှင့် ပလတ်စတစ်ထုတ်ကုန်များအတွက် ကမ္ဘာ့လိုအပ်ချက်များပြည့်မီရန် ဗီယက်နမ်ပလတ်စတစ်နှင့် ရော်ဘာလုပ်ငန်းသည် စက်ဝိုင်းပုံစီးပွားရေးဦးတည်မှုကိုချိန်ညှိရန် သဘာဝပတ်ဝန်းကျင်နှင့် သင့်လျော်သောစည်းများနှင့် နည်းပညာသစ်များကိုရှာဖွေရန်လိုအပ်ကြောင်း ပြောကြားခဲ့သည်။

**Source : Vietnam Plus**

**DOCA(ရန်ကုန်)**

https://www.doca.gov.mm/my/node/26125

## အိန္ဒိယမှ ဆန်ဖြူအပေါ်သတ်မှတ်သည့် Minimum Export Price အား လျှော့ချလိုက်ခြင်းကြောင့် ဆန်ဈေးနှုန်းများကျဆင်းလာဖွယ်ရှိ

အိန္ဒိယနိုင်ငံမှ ဘာစမာတီမဟုတ်သည့်ဆန်ဖြူအပေါ်သတ်မှတ်သည့်Minimum Export Price– MEP ကို လျှော့ချပေးလိုက်သည့်အတွက် ကမ္ဘာ့ဆန်ရောင်းချမှုပမာဏများ တိုးမြင့်လာနိုင်ပြီး ဆန်ဈေးနှုန်းများ ကျဆင်းလာနိုင်ကြောင်း ဖိလစ်ပိုင်စိုက်ပျိုးရေးဌာနက ပြောကြားခဲ့သည်။

ကမ္ဘာ့ဆန်ဈေးနှုန်းကျဆင်းခြင်းဖြင့် ဖိလစ်ပိုင်နိုင်ငံတွင်း ဆန်ဈေးနှုန်းလည်း ကျဆင်းလာမည် ဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံမှ ဘာစမာတီမဟုတ်သည့် ဆန်ဖြူအပေါ်သတ်မှတ်သည့် MEP အား လျှော့ချသတ်မှတ်လိုက်ခြင်းသည် အခြားသော ဆန်တင်ပို့နေသည့် နိုင်ငံများအတွက် ဈေးကွက်တွင်း ပိုမိုယှဉ်ပြိုင်လာရနိုင်ကြောင်း၊ ကမ္ဘာ့ဆန်ဈေးနှုန်းကိုလည်း လွှမ်းခြုံထားနိုင်သည့် အနေအထားဖြစ်သဖြင့်အခြားသော ဆန်တင်ပို့နေသည့် နိုင်ငံများ၏ ပို့ကုန်ဈေးနှုန်းများလည်း ကျဆင်းလာဖွယ်ရှိကြောင်း ဖော်ပြသည်။

ထို့ပြင် အခြားသောဆန်တင်ပို့နေသည့်နိုင်ငံများထက် ဈေးနှုန်းပိုမိုလျှော့နည်းနိုင်သဖြင့် ဆန်တင်သွင်းသည့်ဈေးနှုန်းများကိုလည်း ရိုက်ခတ်မှုများ ရှိနိုင်ကြောင်း ဖော်ပြပါရှိသည်။

ပြီးခဲ့သည့် စက်တင်ဘာလကအိန္ဒိယနိုင်ငံမှ ကမ္ဘာ့ဈေးကွက်သို့ ဘာစမာတီမဟုတ်သည့်ဆန်ဖြူပြန်လည်တင်ပို့ခဲ့ပြီး MEP သတ်မှတ်ချက်မှာမက်ထရစ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၉၀ ဖြစ်ပါကြောင်း၊ MEP မသတ်မှတ်မီကပင် အိန္ဒိယနိုင်ငံ၏ ဘာစမာတီမဟုတ်သည့် ဆန်ဖြူဈေးနှုန်းသည် ဗီယက်နမ်နှင့်ထိုင်းနိုင်ငံတို့ထက်သက်သာကြောင်း ဖော်ပြသည်။

အိန္ဒိယနိုင်ငံမှ ကမ္ဘာ့ဈေးကွက်သို့ ဘာစမာတီမဟုတ်သည့် ဆန်အား ပြန်လည်တင်ပို့ရောင်းချသည့်အချိန်မှစ၍ ထိုင်းနိုင်ငံမှ ၎င်းတို့၏ Long grain white rice ၅ မှတ် ဆန်အမျိုးအစား ဈေးနှုန်းမှာ ၁၁ ရာခိုင်နှုန်းထိကျဆင်းခဲ့သည်။

အိန္ဒိယနိုင်ငံသည် ဈေးနှုန်းယှဉ်ပြိုင်နိုင်စွမ်းရှိသော နိုင်ငံဖြစ်သည့်အတွက် ဆန်တင်သွင်းရာတွင် အလားအလာရှိသော နိုင်ငံတစ်ခုဖြစ်လာနိုင်ကြောင်း အစောပိုင်းကာလများကတည်းက ဈေးကွက်ကျွမ်းကျင်သူများက ခန့်မှန်းပြောကြားခဲ့ပါကြောင်း၊ ဗီယက်နမ်နှင့်ထိုင်းတို့ထက် ဈေးနှုန်းသက်သာနေခြင်းကြောင့် နောက်ထပ်ဆန်ရောင်းချသည့် ဈေးကွက်တိုးလာခြင်းနှင့် ဆန်တင်သွင်းရာတွင် နေရာအသီးသီးမှဖြန့်၍တင်သွင်းနိုင်မည် ဖြစ်ကြောင်း ဖော်ပြထားသည်။

ဖိလစ်ပိုင်စိုက်ပျိုးရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့်အချက်အလက်များအရ အိန္ဒိယနိုင်ငံမှ ဘာစမာတီမဟုတ်သည့် ဆန်ဖြူ

တင်ပို့ခြင်းကို အရှေ့အာရှနိုင်ငံများသို့ ပြန်လည်ခွင့်ပြုလိုက်သည့်ပြီးနောက်ပိုင်း ဖိလစ်ပိုင်နိုင်ငံ၏ အိန္ဒိယနိုင်ငံမှ ဆန်တင်သွင်းမှုမှာ ၂၂,၀၃၉ မက်ထရစ်တန်ရှိထားပြီ ဖြစ်ကြောင်း ဖော်ပြသည်။

ဖိလစ်ပိုင်စိုက်ပျိုးရေးဝန်ကြီးဌာန၏ ၁၇-၁၀-၂၀၂၄ ရက်စွဲပါ ထုတ်ပြန်ချက်အရ ဆန်တင်သွင်းရောက်ရှိမှုမှာ ဗီယက်နမ်နိုင်ငံမှ မက်ထရစ်တန်ချိန် ၂ ဒသမ ၈ သန်း၊ ထိုင်းနိုင်ငံမှ ၄၄၈,၉၆၃ မက်ထရစ်တန်၊ မြန်မာနိုင်ငံမှ ၁၀၇,၁၈၄ မက်ထရစ်တန်၊ အိန္ဒိယနိုင်ငံမှ ၂၂,၀၃၉ မက်ထရစ်တန်၊ တရုတ်နိုင်ငံမှ ၅,၇၂၀ မက်ထရစ်တန်၊ ဂျပန်နိုင်ငံမှ ၂,၃၈၆ မက်ထရစ်တန်၊ ကမ္ဘောဒီးယားနိုင်ငံမှ ၁,၆၂၀ မက်ထရစ်တန်၊ အီတလီနိုင်ငံမှ ၁၄ မက်ထရစ်တန်နှင့် စပိန်နိုင်ငံမှ ၁ ဒသမ၉၂ မက်ထရစ်တန်တို့ဖြစ်သည်။

လတ်တလောတွင် အစိုးရမှဆန်တင်သွင်းမှုအပေါ် ကောက်ခံသည့်အကောက်ခွန်နှုန်းထားအား အမိန့်ကြော်ငြာစာအမှတ် ၆၂ ဖြင့် လျှော့ချပေးထားပြီး ၇-၇-၂၀၂၄ ရက်တွင် အမိန့်အာဏာသက်ရောက်စေမည်ဖြစ်သော်လည်း လက်လီဈေးကွက်ရှိဆန်ဈေးနှုန်းများအား နှိုင်းယှဉ်မည်ဆိုပါက ပြည်တွင်းဆန်ဈေးနှုန်းမှာပြည်ပမှတင်သွင်းသည့် ဆန်ဈေးနှုန်းထက် လျှော့နည်းနေသည့်အတွက် ပြည်တွင်းဆန်တောင်သူအုပ်စုမှ အဆိုပါအမိန့်ကြော်ငြာစာသည် ဆန်တင်သွင်းသူများနှင့် ဆန်ကုန်သည်များအတွက်သာ အကျိုးဖြစ်ထွန်းစေပြီး ဆန်ဈေးနှုန်းကျဆင်းစေရန် သက်ရောက်မှုမရှိကြောင်း ဝေဖန်ထောက်ပြပြောဆိုမှုများရှိနေကြောင်း သိရသည်။

**Source : (စီးပွားရေးသံမှူး၊ မနီလာမြို့)**

https://myantrade.gov.mm/article/Naypyitawstp_291020241248

## ဂျပန်နိုင်ငံ၏ ၂၀၂၄ ဆန်သစ်ဈေးသည် နွေရာသီအပူရှိန်ကြောင့် ၃၁ နှစ်အတွင်း အမြင့်ဆုံးသို့ရောက်ရှိ



ဂျပန်နိုင်ငံ၏ ရိတ်သိမ်းပြီးခါစ စပါးဈေးနှုန်းသည် ယခင်နှစ်ထက် ၄၈ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး ၃၁ နှစ် အတွင်း အမြင့်ဆုံးအဆင့်သို့ရောက်ရှိခဲ့ကြောင်း ဂျပန်နိုင်ငံလယ်ယာဝန်ကြီးဌာန၏ ထုတ်ပြန်သောအချက်အလက်များအရသိရသည်။

အမျိုးသားလယ်ယာသမဝါယမအသင်းချုပ်နှင့် အခြား လက်ကားရောင်းချသူများထံ ရောင်းချသော ပျမ်းမျှဈေးမှာ ၆၀ ကီလိုဂရမ်လျှင် ယန်း ၂၂,၇၀၀ (၁၅၁ဒေါ်လာ) ရှိကြောင်း စိုက်ပျိုးရေး၊သစ်တောနှင့်ရေလုပ်ငန်းဝန်ကြီးဌာနက စက်တင်ဘာလတွင် သတင်းထုတ်ပြန်ခဲ့သည်။

နှစ်စဉ်ရိတ်သိမ်းထားသော စပါးများအား စက်တင်ဘာလဝန်းကျင်တွင် ဂျပန်နိုင်ငံရှိ စတိုးဆိုင်များတွင် စတင်ရောင်းချလျက်ရှိကြောင်းသိရသည်။

အမျိုးသားဆန်အိတ်ချိန်းနှင့် ဈေးနှုန်းဖွဲ့စည်းရေးဗဟိုဌာန၏ အချက်အလက်များအရ ဝန်ကြီးဌာန၏အချက်အလက်များသည် ၂၀၀၈ ခုနှစ်အထိသာရှိသေးသော်လည်း ယခုနှစ်ဈေးနှုန်းသည် ယန်း ၂၃၆၀၇ သို့ရောက်ရှိခဲ့ပြီး ၁၉၉၃ ခုနှစ်နောက်ပိုင်း အမြင့်ဆုံးဖြစ်သည်။

ငွေကြေးဖောင်းပွမှုကြောင့် ထုတ်လုပ်မှုစရိတ်များ မြင့်တက်လာခြင်းနှင့်အတူ ဆန်စားသုံးမှုကို မြင့်တက်စေသည့် ပြည်တွင်းခရီးသွားများပေါ်များလာခြင်းနှင့် ပေါင်းစပ်လိုက်ခြင်းကြောင့် ပြီးခဲ့သည့်လက ဈေးနှုန်းတက်လာခဲ့ခြင်းဖြစ်သည်။

**Source : mainichi.jp**

**DOCA(ရန်ကုန်)**

https://www.doca.gov.mm/my/node/26135

## ၂၀၂၄ ခုနှစ်အတွင်း ထိုင်းနိုင်ငံပို့ကုန်သည် ခန့်မှန်းထားသည့် ၂ ရာခိုင်နှုန်းထက်ကျော်လွန်နိုင်ပြီး အမေရိကန်ဒေါ်လာ ၂၉၀ ဘီလီယံသို့ ရောက်ရှိနိုင်ခြင်း

ယခုနှစ်အတွင်း ထိုင်းနိုင်ငံ၏ ပို့ကုန်သည် မှန်းထားသည့် ၂ ရာခိုင်နှုန်းကို ကျော်လွန်၍ အမြင့်မှတ်တမ်းသစ်အဖြစ် အမေရိကန်ဒေါ်လာ ၂၉၀ ဘီလီယံသို့ ရောက်ရှိနိုင်ကြောင်း ကုန်သွယ်ရေးမူဝါဒနှင့်မဟာဗျူဟာရုံးက ထုတ်ပြန်ထားချက်အရ သိရသည်။

အမေရိကန်နှင့် ဥရောပသမဂ္ဂကဲ့သို့သော အဓိကကုန်သွယ်ရေးမိတ်ဖက်နိုင်ငံများ၏ စီးပွားရေးပြန်လည်ကောင်းမွန်လာမှုကြောင့် စိုက်ပျိုးရေးနှင့်အစားအစာထုတ်ကုန်များနှင့်လျှပ်စစ်သုံးပစ္စည်းဝယ်လိုအား၏တွန်းအားကြောင့် ယခုနှစ် ပို့ကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၂၉၀ ဘီလီယံ ထိ ရောက်ရှိနိုင်ကြောင်း၊ စက်တင်ဘာလအတွင်း ပို့ကုန်သည် အမေရိကန် ဒေါ်လာ ၂၅ ဒသမ ၉ ဘီလီယံထိရောက်ရှိခဲ့ပြီး ၁ ဒသမ ၁ ရာခိုင်နှုန်းမြင့်တက်ခဲ့ကာ သွင်းကုန်သည် အမေရိကန်ဒေါ်လာ ၂၅ ဒသမ ၅ ဘီလီယံရှိခဲ့သဖြင့် ကုန်သွယ်ရေးပိုငွေသည် ဒုတိယလအဖြစ် အမေရိကန်ဒေါ်လာ ၃၉၄ သန်းဖြစ်ပေါ်ခဲ့ကြောင်း၊ ၂၀၂၄ ခုနှစ် ပထမ ၉ လအတွင်း ပို့ကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၂၂၃ ဘီလီယံနှင့် သွင်းကုန်သည် အမေရိကန်ဒေါ်လာ ၂၂၉ ဘီလီယံဖြစ်သဖြင့် ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၅ ဒသမ ၉၆ ဘီလီယံဖြစ်ပေါ်ခဲ့ကြောင်း ကုန်သွယ်ရေးမူဝါဒနှင့်မဟာဗျူဟာရုံး ညွှန်ကြားရေးမှူးချုပ် Mr. Poonpong Naiyanapakorn က ပြောကြားခဲ့သည်။

တိုးချဲ့တင်ပို့နိုင်ခဲ့သော ပို့ကုန်များမှာ ဆန်၊ ရော်ဘာ၊ ပင်လယ်စာစည်သွပ်ဗူးများ၊ တိရစ္ဆာန်အစာများ၊ ပြုပြင်ပြီးကြက်သား၊ တိရစ္ဆာန်နှင့် ဟင်းသီးဟင်းရွက်ဆီများဖြစ်ကြောင်း၊ လတ်ဆတ်နှင့် အေးခဲနှင့် သစ်သီးခြောက်၊ ပီလောပီနံထုတ်ကုန်၊ သကြား၊ လတ်ဆတ်နှင့် အေးခဲကြက်သားနှင့် ဟင်းသီးဟင်းရွက်စည်သွပ်ဘူးများ ပို့ကုန်အချို့တွင် ကျဆင်းခဲ့ကြောင်း၊ ၂၀၂၄ ခုနှစ် ပထမ ၉ လအတွင်းတွင် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ ရော်ဘာထုတ်ကုန်များ၊ ယန္တရားများ၊ ဓာတုပစ္စည်းများနှင့် လေအေးပေးစက်တို့တွင် တိုးမြှင့်တင်ပို့နိုင်ခဲ့ပြီး မော်တော်ကားနှင့် ဆက်စပ်ပစ္စည်းများ၊ ကျောက်မျက်နှင့် လက်ဝတ်ရတနာများ၊ ပလတ်စတစ်အလုံးများ၊ သံနှင့်သံမဏိ၊ အတွင်းပိုင်း လောင်ကျွမ်းအင်ဂျင်များဖြစ်ကြောင်း သိရသည်။

၂၀၂၄ ခုနှစ်ကျန်လများတွင် ပို့ကုန်တန်ဖိုးသည် ၁ လလျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၅ ဘီလီယံရရှိခဲ့ပါက ၂၀၂၃ ခုနှစ်မှတ်တမ်း အမေရိကန်ဒေါ်လာ ၂၈၇ ဘီလီယံထက်ကျော်လွန်နိုင်ပြီး မှတ်တမ်းသစ်အဖြစ် အမေရိကန်ဒေါ်လာ ၂၉၀ ဘီလီယံ ထိ ရောက်ရှိနိုင်ကြောင်း၊ ၂၀၂၄ ခုနှစ် ပို့ကုန် အလားအလာနှင့်စပ်လျဉ်း၍ စိန်ခေါ်မှုများရှိနေသော်လည်း စတုတ္ထသုံးလပတ်တွင် ဆက်လက်တိုး တက်မှုရှိနိုင်သည်ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ခန့်မှန်းထားပါကြောင်း၊ စိန်ခေါ်မှုများတွင် အမေရိကန်ရွေးကောက်ပွဲ၊ ပထဝီဝင်နိုင်ငံရေးပဋိပက္ခများ၊ ဘတ်ငွေခိုင်မာမှု၊ တရုတ်စီးပွားရေးပြန်လည်ကောင်းမွန်မှုနှေးကွေးနေမှု၊ ရေကြီးမှုနှင့် ထိုင်းနိုင်ငံ၏ ဆန်ပို့ကုန်ကဏ္ဍကို သက်ရောက်နိုင်သည့် အိန္ဒိယ၏ ဆန်ပို့ကုန်ဆိုင်ရာ မူဝါဒအပြောင်းအလဲတို့ဖြစ်ကြောင်း သိရသည်။

ဘတ်ငွေသည် ၁ ဒေါ်လာလျှင် ၃၃ ဒသမ ၅ ဘတ် မှ ၃၃ ဒသမ ၈ ဘတ်ကြားဖြင့် ခိုင်မာနေသော်လည်း ပုဂ္ဂလိက ကဏ္ဍက အချိန်အတိုင်း အတာတစ်ခုအထိ စီမံနိုင်သော အခြေအနေဖြစ်ပါကြောင်း၊ အကယ်၍ ဘတ်ငွေသည် ၁ ဒေါ်လာလျှင် ၃၃ ဘတ်မှ ၃၄ ဘတ်ကြား နှင့် ၃၄ ဘတ်ထက်ကျော်လွန်ခဲ့ပါက ပို့ကုန်အတွက် ကောင်းမွန်သောသက်ရောက်မှုဖြစ်နိုင်ပြီး ၂၀၂၅ ခုနှစ် ပထမ ၃ လပတ်အထိ ဆက်လက်ကောင်းမွန်နေနိုင်ကြောင်း Thai National Shippers' Council ဥက္ကဋ္ဌ Mr. Chaichan Charoensuk ကသုံးသပ် ပြောကြားသည်။

**Source: www.bangkokpost.com**

**စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့။**

https://myantrade.gov.mm/article/Naypyitawstp-301020241105

# STOCK EXCHANGE (30.10.2024)

YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 30th Oct. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 8,697 (Shares) | 27,217,700 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,400 | -100 | -1.18% | 8,400 | 8,400 | 8,400 | 401 | 3,368,400 | 33,109,694 | 278,121 |
| MTSH | 00002 | 3,300 | +0 | +0.00% | 3,300 | 3,300 | 3,250 | 4,477 | 14,712,700 | 38,929,150 | 128,466 |
| MCB | 00003 | 8,400 | +0 | +0.00% | 8,400 | 8,400 | 8,400 | 83 | 697,200 | 10,400,986 | 87,368 |
| FPB | 00004 | 1,950 | -50 | -2.50% | 2,000 | 2,000 | 1,950 | 519 | 1,019,250 | 29,664,613 | 57,846 |
| TMH | 00005 | 2,850 | +0 | +0.00% | 2,850 | 2,850 | 2,850 | 20 | 57,000 | 12,823,224 | 36,546 |
| EFR | 00006 | 1,700 | +50 | +3.03% | 1,700 | 1,700 | 1,650 | 1,920 | 3,169,050 | 19,977,223 | 33,961 |
| AMATA | 00007 | 4,500 | +0 | +0.00% | 4,500 | 4,500 | 4,500 | 0 | 0 | 10,497,598 | 47,239 |
| MAEX | 00008 | 3,300 | +0 | +0.00% | 3,300 | 3,300 | 3,250 | 1,277 | 4,194,100 | 23,804,946 | 78,556 |

YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 30th Oct. 2024

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 396.62 | -2.02 | -0.51% | 399.17 | 399.17 | 394.43 | 8,697 | 27,217,700 | 8 | 748,103 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 30th Oct. 2024

| Trading Volume | Trading Value |
|---|---|
| 8,697 (Shares) | 27,217,700 (MMK) |

### Main Board

As of 1:00 pm, 30th Oct. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 8,697 (Shares) | 27,217,700 (MMK) |

| MYANPIX | 396.62 ▼ 2.02 |
|---|---|
| Total Volume (shares) | 8,697 |
| Total Value (MMK) | 27 mil |
| Listed Company | 8 |
| Market Cap. (MMK) | 748,103 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,400 | ▼ 100 |
| MTSH | 00002 | 3,300 | ▲ 0 |
| MCB | 00003 | 8,400 | ▲ 0 |
| FPB | 00004 | 1,950 | ▼ 50 |
| TMH | 00005 | 2,850 | ▲ 0 |
| EFR | 00006 | 1,700 | ▲ 50 |
| AMATA | 00007 | 4,500 | ▲ 0 |
| MAEX | 00008 | 3,300 | ▲ 0 |